2018 c ? ({jyvr puwibmv t x)

2 0 1

# ရခိုင်ပြည်နယ်၏

# &o;ce¥re;ajcaipm&i;qi&m

# tcsut vursm;



prue;Eib@ma&;0elu;Xme? &cijyne, &o;re;ajcaipm&i;O;p;Xmer xwa0ygon/

# ရခိုင်ပြည်နယ်၏

# ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

# (Citizen's Budget)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (       ) ရက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥယျောဇဉ် | ၁ |
| ၂။ | နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ | ၂-၃ |
| ၃။ | ဘဏ္ဍာရေးမူဝါဒ | ၄ |
| ၄။ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ | ၅ |
| ၅။ | Citizen's Budget စာစောင်ဆိုတာ ဘာလဲ | ၆ |
| ၆။ | ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ (၃) မျိုး | ၇ |
| ၇။ | ရသုံးခန့်မှန်းခြေငွေစာရင်း | ၈ |
| ၈။ | ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက်များ | ၈-၉ |
| ၉။ | ဘတ်ဂျက်စက်ဝန်း (Budget Cycle) | ၁၀ |
| ၁၀။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း | ၁၁-၁၂ |
| ၁၁။ | တိုင်းဒေသကြီး / ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အတည်ပြုခြင်း | ၁၂ |
| ၁၂။ | နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework – MTFF) | ၁၃-၁၄ |
| ၁၃။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ | ၁၄ |
| ၁၄။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ၁၅ |
| ၁၅။ | ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၁၅ |
| ၁၆။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ရငွေ၊ သုံးငွေ လျာထားချက်များ | ၁၆ |
| ၁၇။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေနှင့် ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ရငွေ၊ သုံးငွေ အခြေအနေ | ၁၇ |
| ၁၈။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အလိုက် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၁၇ |
| ၁၉။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေစာရင်းများ | ၁၈ |
| ၂၀။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ ခွဲဝေပေးသည့် အခွန်ဝေစုများ | ၁၈ |
| ၂၁။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ လိုငွေအတွက် ထောက်ပံ့ငွေများ | ၁၈ |
| ၂၂။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေနှင့် အသုံးစရိတ် အခြေအနေ | ၁၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေ ရရှိနိုင်မှု ခန့်မှန်းခြေ (ရာခိုင်နှုန်း) | ၁၉ |
| ၂၄။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အခွန်အကောက်ရငွေ လျာထားချက်များ | ၂၀ |
| ၂၅။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အခွန်အမျိုးအစားအလိုက် ခန့်မှန်းခြေ (ရာခိုင်နှုန်း) | ၂၁ |
| ၂၆။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးသည့် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၁ |
| ၂၇။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်အပေါ် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၂ |
| ၂၈။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၂ |
| ၂၉။ | ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၇) ခု၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ | ၂၃-၂၆ |
| ၃၀။ | ပြည်နယ်လမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၂၇ |
| ၃၁။ | ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၂၈ |
| ၃၂။ | ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၂၉ |
| ၃၃။ | ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မှု မှတ်တမ်းများ | ၃၀ |
| ၃၄။ | ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မှု မှတ်တမ်းများ | ၃၁-၃၂ |


❑

# ဦးဃေျာဇျ်

၁။ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ၆-၄-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ရခိုင်ပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ်-၄။ ဖြင့် အတည်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအဖြစ် ပြည်နယ်ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါသည်။

၂။ ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၃။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန် ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ၂၀၁၈ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အခြေခံ၍ ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှု မှတ်တိုင်အဖြစ် ရခိုင်ပြည်နယ်၏ **"၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင်"** ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက် အကောင်အထည်ဖော်ရာ၌ ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာရေးဖြစ်စေရန် ရခိုင်ပြည်နယ်အနေဖြင့် အထူးအလေးထား အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

ဦးကျော်အေးသိန်း
ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ( ) ရက်

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System ၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်၊

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသား တိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင် ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြား ရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့် မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ် ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန် စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ် ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြား ဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများ ကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

❑

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကိုကောက်ခံခြင်း မဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှု မှန်ကန်စေရန်၊

(၂) ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊

(၃) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) ကုန်စျေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊

(၅) ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

(၄) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊

(၆) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

# ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်
(Pre - Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ
(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့်ဘတ်ဂျတ်
(Enacted Budget)

၄။ နိုင်ငံသားများအတွက် ဘတ်ဂျတ်
(Citizen's Budget)

၅။ နှစ်အတွင်းအစီရင်ခံစာ
(In-Year Report)

၆။ နှစ်ဝက်သုံးသပ်ချက်အစီရင်ခံစာ
(Mid-Year Reviews)

၇။ နှစ်ပတ်လည်အစီရင်ခံစာ
(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ
(Audit Report)

◆ ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင် (၈) စောင်အနက် (၁) စောင်အပါအဝင် ဖြစ်သော နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen's Budget) စာစောင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ဤစာစောင်ကို အများပြည်သူ လေ့လာသိရှိနိုင်ရန်နှင့် ရခိုင်ပြည်နယ်အစိုးရမှ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု အခြေအနေအား ပွင့်လင်းမြင်သာစွာ သိရှိစေရန် ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။


Citizen’s Budget
စာစောင်ဆိုတာ ဘာလဲ ...?
ဖေဖေ ...
Citizen’s Budget
စာစောင်ဆိုတာ တိုင်းပြည်ရဲ့
ရငွေ၊ သုံးငွေ အခြေအနေတွေကို
အကျဉ်းချုပ်ပြီး
ပြည်သူတွေသိအောင်
ပွင့်ပွင့်လင်းလင်း ပြောပြထားတဲ့
စာစောင်ဖြစ်တယ် သားရဲ့ ...

## ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ(၃)မျိုး

၁။ ရငွေသည် သုံးငွေထက် များပါက
ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း
(Surplus Budget)




၂။ သုံးငွေသည် ရငွေထက် များပါက
လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း
(Deficit Budget)




၃။ ရငွေနှင့်သုံးငွေ ညီမျှပါက
ဘက်ညီ ရသုံးခန့်မှန်းခြေငွေစာရင်း
(Balanced Budget)




မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (Budget) မှာ လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget) ဖြစ်သည်။

# ရသုံးခန့်မှန်းခြေငွေစရင်း

ရသုံးခန့်မှန်းခြေငွေစာရင်း
(Budget)

| ရငွေ (Revenue) | | | သုံးငွေ (Expenditure) | | |
|---|---|---|---|---|---|
| သာမန်ရငွေ (Current Revenue) | ငွေလုံးငွေရင်းရငွေ (Capital Revenue) | ကြွေးမြီရငွေ (Financial Revenue) | သာမန်သုံးငွေ (Current Expenditure) | ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure) | ကြွေးမြီသုံးငွေ (Financial Expenditure) |

## ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နှုတ်ချက်များ

### ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)

တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်းဖြစ်သည်။

### ဘဏ္ဍာရေးနှစ် (Fiscal Year- FY)

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် အောက်တိုဘာလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ (၆) လ ဘဏ္ဍာရေးနှစ်အဖြစ် သတ်မှတ်သည်။

### မူလခန့်မှန်းခြေ Budget Estimate (BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ (၆)လခန့်မှ စတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်း ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

## ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေ လုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

## ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်း ဖြစ်ပါသည်။

(RE = BE + SG - လျော့နည်းသုံးစွဲငွေ)

## ယာယီအမှန်စာရင်း Temporary Actual (TA)

ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ပတ်လည် ကာလအလိုက်ရရှိသည့် ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသောစာရင်း ဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်မပြုရသေးသည့်စာရင်း ဖြစ်ပါသည်။

## ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF) နှင့် သီးသန့်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲဖြစ်၍ ပိုလျှံငွေပြန်လည်အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။ PA = RE + GRF – Surrender (ပိုလျှံငွေပြန်အပ်ခြင်း)။ အသုံးစရိတ်သည် (BE + SG + GRF + သီးသန့်ရန်ပုံငွေထက် မပိုရပါ။)

## အမှန်စာရင်း Actual (A)

ရှေ့ပြေးအမှန်စာရင်း ဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ် ရရှိသည့်ငွေနှင့် အမှန်တကယ် သုံးစွဲပြီးသည့်အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသောစာရင်း ဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်ပြုပြီးသောစာရင်း ဖြစ်ပါသည်။

## ဘတ်ဂျက်စက်ဝန်း (Budget Cycle)



## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီဂရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ။

၁၉၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

❑

## တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အတည်ပြုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး / ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက်အဆိုပြု လျာထားချက်များ တောင်းခံသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အဆိုပြုလျာထားချက်များကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသော တိုင်းဒေသကြီး/ပြည်နယ်များ၏ အဆိုပြုလျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။

၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံ တင်ပြသည်။

၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုငွေအတွက် ဖြည့်ဆည်းပေးရမည့် ပမာဏနှင့် အထူးကိစ္စရပ်များအတွက် ထောက်ပံ့ပေးရမည့် ပမာဏတို့ကို ဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။

၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေပေးငွေများပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည်။

၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ဥပဒေနှင့်အညီ ဆွေးနွေးအတည်ပြုပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းသည်။

# နှစ်လတ်ဘဏ္ဍာရေးမူဘောင်
# (Medium Term Fiscal Framework – MTFF)

ဘတ်ဂျက်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊ သုံးငွေများကို အခြေခံရေးဆွဲခြင်း သာမက လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ရငွေနှင့်အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်၏ ရငွေ၊ သုံးငွေများကို အခြေခံပြီး လက်ရှိနှစ်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသော မူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာ ခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ် မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်မူဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာမဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက်ချမှတ်ပေးမှုအရ အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက် ထောက်ပံ့ငွေပေးရာတွင် မူဝါဒကို အခြေခံ၍ ညွှန်းကိန်း (၆) ခုဖြင့် တွက်ချက်ကာ ထောက်ပံ့ပေးပါသည်။ အဆိုပါ ညွှန်းကိန်းများမှာ-

### (က) ဖွံ့ဖြိုးမှုလိုအပ်ချက် (Development Needs) (တိုက်ရိုက်ဆက်စပ်မှု)

(၁) စုစုပေါင်းလူဦးရေ (Total Population)

(၂) ဆင်းရဲမှုညွှန်းကိန်း (Poverty Index)

(၃) မြေဧရိယာအကျယ်အဝန်း (Area)

## (ခ) ဘဏ္ဍာရေးအကန့်အသတ် (Fiscal Constraints) (ပြောင်းပြန်ဆက်စပ်မှု)

(၁) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး (Urban Population as Percent of Total State Population)

(၂) တစ်ဦးကျအခွန်ကောက်ခံမှု (Per Capita Tax Collection)

(၃) လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)

### ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

| | |
|---|---|
| စုစုပေါင်းရငွေ ခန့်မှန်းခြေ | ကျပ် ၄,၃၉၅.၉၈၉ သန်း |
| စုစုပေါင်းအသုံးစရိတ် ခန့်မှန်းခြေ | ကျပ် ၇၅,၁၄၉.၇၀၄ သန်း |
| လိုငွေ | ကျပ် ၇၀,၇၅၃.၇၁၅ သန်း |

| | |
|---|---|
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ကျပ် ၁,၅၅၀,၁၈၀.၀၀၀ သန်း |
| ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ | ကျပ် ၇၀,၇၅၃.၇၁၅ သန်း |
| လိုငွေနှင့် GDP အချိုး | ၄.၆ % |

| | |
|---|---|
| အခွန်အကောက်ရငွေနှင့် အခွန်ဝေစု | ကျပ် ၁,၉၀၀.၆၄၁ သန်း |
| အခွန်အကောက်ရငွေ၊ အခွန်ဝေစုနှင့် GDP အချိုး | ၀.၁ % |
| လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capital GDP) | - |

❑

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ (အမှန်) | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂၀၁၈ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| GDP တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၃,၅၃၄,၂၃၇.၅၀၀ | ၃,၆၈၉,၈၄၄.၇၀၀ | ၁,၅၅၀,၁၈၀.၀၀၀ |
| GDP တန်ဖိုး (ပုံမှန်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၂,၁၀၉,၀၄၄.၁၀၀ | ၂,၁၄၄,၆၇၈.၃၀၀ | ၇၆၁,၀၃၄.၈၀၀ |
| GDP တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) (ရာခိုင်နှုန်း) | ၃.၁ % | ၁.၇ % | ၅.၅ % |
| လူတစ်ဦးချင်း၏ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) (ကျပ်) | ၁,၀၇၆,၅၂၇ | ၁,၂၁၄,၉၆၄ | - |

*ဇစ်မြစ်။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

## ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ -

၁။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊
၂။ လျှပ်စစ်မီး ရရှိရေး၊
၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊
၄။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊
၅။ သောက်သုံးရေ ရရှိရေး၊
၆။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
၇။ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး။

## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၁၃၆၄.၈၇၈ | ၂၈၇၃၄.၇၅၂ | -၂၇၃၆၉.၈၇၄ |
| | ၁ | အစိုးရအဖွဲ့ | ၁၂၅၃.၉၃၀ | ၂၆၇၄၀.၀၃၃ | -၂၅၄၈၆.၁၀၃ |
| | | ၁။ အစိုးရအဖွဲ့ | ၁၂၅၃.၉၃၀ | ၁၁၆၀၂.၅၁၃ | -၁၀၃၄၈.၅၈၃ |
| | | ၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၆၆၀၆.၅၀၀ | -၆၆၀၆.၅၀၀ |
| | | ၃။ ရှေးဟောင်းသုတေသနဦးစီးဌာန | | ၂၀၀.၀၀၀ | -၂၀၀.၀၀၀ |
| | | ၄။ ဗဟိုပြည်တွင်းကုန်တင်ကုန်ချဦးစီးဌာန | | ၁.၇၅၀ | -၁.၇၅၀ |
| | | ၅။ လမ်းဦးစီးဌာန | | ၁၀၀၀.၀၀၀ | -၁၀၀၀.၀၀၀ |
| | | ၆။ စည်ပင်သာယာရေးအဖွဲ့ | | ၄၀၀၀.၀၀၀ | -၄၀၀၀.၀၀၀ |
| | | ၇။ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၄၀၀.၀၀၀ | -၄၀၀.၀၀၀ |
| | | ၈။ ဆည်မြောင်းဦးစီးဌာန | | ၂၃၅၆.၄၈၃ | -၂၃၅၆.၄၈၃ |
| | | ၉။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၇၂.၇၈၇ | -၅၇၂.၇၈၇ |
| | ၂ | လွှတ်တော် | ၁.၈၀၀ | ၁၂၁၅.၃၂၉ | -၁၂၁၃.၅၂၉ |
| | ၃ | တရားလွှတ်တော် | ၁၀၂.၇၀၂ | ၃၀.၀၀၀ | ၇၂.၇၀၂ |
| | ၄ | ဥပဒေချုပ်ရုံး | ၀.၃၅၀ | ၂၇၉.၄၈၉ | -၂၇၉.၁၃၉ |
| | ၅ | စာရင်းစစ်ချုပ်ရုံး | ၆.၀၉၆ | ၄၆၉.၉၀၁ | -၄၆၃.၈၀၅ |
| ၂ | | ဝန်ကြီးဌာနများ၊ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၅၄၆.၅၁၁ | ၄၃၉၃၀.၃၅၂ | -၄၃၃၈၃.၈၄၁ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၄၂၈.၃၈၅ | ၆၁၇၉.၅၂၁ | -၅၇၅၁.၁၃၆ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၂၇.၃၅၇ | ၄၂၅၁.၆၀၃ | -၃၈၂၄.၂၄၆ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၂၈ | ၁၅၇.၄၈၄ | -၁၅၇.၄၅၆ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၁.၀၀၀ | ၁၇၇၀.၄၃၄ | -၁၇၆၉.၄၃၄ |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၆၁.၁၅၉ | ၃၀၂၁.၆၈၃ | -၂၉၆၀.၅၂၄ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၅.၀၀၀ | ၁၉၉၀.၈၄၀ | -၁၉၈၅.၈၄၀ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၅၀.၄၂၇ | ၃၄၇.၈၄၄ | -၂၉၇.၄၁၇ |
| | | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁.၈၆၈ | ၂၀၈.၃၁၀ | -၂၀၆.၄၄၂ |
| | | ၄။ သမဝါယမဦးစီးဌာန | ၀.၈၉၄ | ၃၄၃.၀၂၂ | -၃၄၂.၁၂၈ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၂.၉၇၀ | ၁၃၁.၆၆၇ | -၁၂၈.၆၉၇ |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃၃.၀၀၂ | ၁၀၈၃.၀၈၀ | -၁၀၅၀.၀၇၈ |
| | | ၁။ သစ်တောဦးစီးဌာန | ၂၉.၀၀၂ | ၉၆၃.၉၄၂ | -၉၃၄.၉၄၀ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀. | ၈၆.၅၁၃ | -၈၆.၅၁၃ |
| | | ၃။သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၄.၀၀၀ | ၃၂.၆၂၅ | -၂၈.၆၂၅ |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၀. | ၂၆၉၆.၂၉၀ | -၂၆၉၆.၂၉၀ |
| | | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၀. | ၂၆၉၆.၂၉၀ | -၂၆၉၆.၂၉၀ |
| | ၅ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၂.၄၆၀ | ၇၉၉.၃၃၀ | -၇၉၆.၈၇၀ |
| | | အားကစားနှင့်ကာယပညာဦးစီးဌာန | ၂.၄၆၀ | ၇၉၉.၃၃၀ | -၇၉၆.၈၇၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၀.၀၂၅ | ၅၃၄.၅၆၇ | -၅၃၄.၅၄၂ |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၂၅ | ၃၅၂.၈၉၄ | -၃၅၂.၈၆၉ |
| | | ၂။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀ | ၇၈.၅၅၅ | -၇၈.၅၅၅ |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ | ၀ | ၁၀၃.၁၁၈ | -၁၀၃.၁၁၈ |
| | ၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၁.၄၈၀ | ၂၉၆၁၅.၈၈၁ | -၂၉၅၉၄.၄၀၁ |
| | | ၁။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၈.၆၆၀ | ၁၃၈၈.၅၃၈ | -၁၃၆၉.၈၇၈ |
| | | ၂။လမ်းဦးစီးဌာန | ၂.၈၂၀ | ၂၈၂၂၇.၃၄၃ | -၂၈၂၂၄.၅၂၃ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၂၄၈၄.၆၀၀ | ၂၄၈၄.၆၀၀ | ၀. |
| | | စုစုပေါင်း | ၄၃၉၅.၉၈၉ | ၇၅၁၄၉.၇၀၄ | -၇၀၇၅၃.၇၁၅ |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့် ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ရငွေ၊ သုံးငွေ အခြေအနေ

(ကျပ်ဘီလီယံ)




## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အလိုက် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ

(ကျပ်ဘီလီယံ)



## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေစာရင်းများ

| စဉ် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | အခွန်အကောက်ရငွေ | ၆၅၆.၇၁၁ |
| ၂။ | အခြားသာမန်ရငွေ | ၂,၄၉၅.၃၄၈ |
| ၃။ | အခွန်ဝေစုရငွေ | ၁,၂၄၃.၉၃၀ |
| | **စုစုပေါင်းရငွေ** | **၄,၃၉၅.၉၈၉** |
| ၄။ | သာမန်အသုံးစရိတ် | ၂၅,၇၇၀.၉၂၈ |
| ၅။ | ငွေလုံးငွေရင်းအသုံးစရိတ် | ၄၉,၃၇၈.၇၇၆ |
| | **စုစုပေါင်းသုံးငွေ** | **၇၅,၁၄၉.၇၀၄** |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ ခွဲဝေပေးသည့် အခွန်ဝေစုများ

| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၄၈၂.၄၂၄ |
| ၂။ | ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၄,၄၅၂.၈၆၆ |
| ၃။ | ၂၀၁၈ (မူလခန့်မှန်းခြေ) | ၁,၂၄၃.၉၃၀ |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ လိုငွေအတွက် ထောက်ပံ့ငွေများ

| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁၄၉,၀၅၇.၇၀၉ |
| ၂။ | ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၁၅၉,၄၇၄.၇၆၅ |
| ၃။ | ၂၀၁၈ (မူလခန့်မှန်းခြေ) | ၇၀,၇၅၃.၇၁၅ |

## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)
## ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေနှင့် အသုံးစရိတ် အခြေအနေ

(ကျပ်ဘီလီယံ)




## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)
## ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေ ရရှိနိုင်မှု ခန့်မှန်းခြေ (ရာခိုင်နှုန်း)



## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ကောက်ခံသည့် ဌာန/အဖွဲ့အစည်း | ၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|
| ၁။ | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | | ၃၄၅.၀၀၀ |
| | ၁။ ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၄၅.၀၀၀ |
| ၂။ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | | ၁၄၂.၀၀၈ |
| | ၁။ မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ၄၄.၉၇၀ |
| | ၂။ တာတမံခွန် | ॥ | ၀.၁၉၆ |
| | ၃။ ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | ॥ | ၂၀.၀၄၇ |
| | ၄။ သစ်တောများမှ ပစ္စည်းများ ထုတ်ယူ သည့်အတွက် ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၂၈.၃၅၇ |
| | ၅။ အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၄၈.၄၃၈ |
| ၃။ | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံ သည့် အခွန်အကောက် | | ၁၆၉.၇၀၃ |
| | ၁။ ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၁၅၁.၁၈၉ |
| | ၂။ ဘီးခွန် | ॥ | ၁၈.၅၁၄ |
| | **စုစုပေါင်း** | | **၆၅၆.၇၁၁** |

❑

## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)
## ရခိုင်ပြည်နယ်၏ အခွန်အမျိုးအစားအလိုက် ခန့်မှန်းခြေ (ရာခိုင်နှုန်း)




## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)
## ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင်
## ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးသည့် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ



## ၂၀၁၈ ခုႏွစ္ (ဧၿပီလမွ စက္တင္ဘာလအထိ)
## ရခိုင္ျပည္နယ္၏ စုစုေပါင္းအသုံးစရိတ္အေပၚ
## သာမန္အသုံးစရိတ္ႏွင့္ ေငြလုံးေငြရင္းအသုံးစရိတ္ (ရာခိုင္ႏႈန္း) အေျခအေန

(က်ပ္ဘီလီယံ)




## ၂၀၁၈ ခုႏွစ္ (ဧၿပီလမွ စက္တင္ဘာလအထိ)
## ရခိုင္ျပည္နယ္၏ စုစုေပါင္းေငြလုံးေငြရင္းအသုံးစရိတ္အေပၚ
## ေဆာက္လုပ္ေရးလုပ္ငန္းအသုံးစရိတ္ (ရာခိုင္ႏႈန္း) အေျခအေန

(က်ပ္ဘီလီယံ)



## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၇) ခု၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ

(ကျပ်သန်းပေါင်း)

| | |
|---|---|
| **(၁) စစ်တွေမြို့နယ်** | **၄၀၆၈.၃၉၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၂၈၂.၉၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ | ၁၅၀၀.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၅၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၆၉၈.၅၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၃၁၉.၂၉၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၁၇.၇၀၀ |
| **(၂) ပုဏ္ဏားကျွန်းမြို့နယ်** | **၁၃၈၇.၄၃၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၆၁.၁၀၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၂၅၄.၄၈၃ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၇.၄၀၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၆၁၄.၁၄၇ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၄၀.၃၀၀ |
| **(၃) ကျောက်တော်မြို့နယ်** | **၁၂၀၀.၇၉၅** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၁၂၀.၀၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၂၄၆.၇၇၅ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၁၅၇.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၁၀.၀၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၄၇၆.၂၂၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၉၀.၈၀၀ |
| **(၄) မြောက်ဦးမြို့နယ်** | **၇၂၇.၄၃၇** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၄၄.၀၀၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၁၀၀.၀၀၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၂၇.၀၀၀ |
| ၄။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၅၆.၄၃၇ |

| | (ကျပ်သန်းပေါင်း) |
|---|---|
| **(၅) မင်းပြားမြို့နယ်** | **၁၉၆၂.၈၈၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၂၆.၅၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၅၀.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၈၅.၈၈၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၃၀၁.၅၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၁၃၂၄.၀၀၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၇၅.၀၀၀ |
| **(၆) မြေပုံမြို့နယ်** | **၁၁၅၄.၂၃၅** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၈၅.၇၃၅ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၁၄၅.၀၀၀ |
| ၃။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၅၀၂.၀၀၀ |
| ၄။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၁.၅၀၀ |
| **(၇) အမ်းမြို့နယ်** | **၄၄၈၉.၀၆၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၆၃.၃၂၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၁၂၅.၀၀၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၂၉၀.၁၀၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၃၆၈၇.၄၄၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၃.၂၀၀ |
| **(၈) ရသေ့တောင်မြို့နယ်** | **၅၀၀၆.၈၇၁** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၉၂.၀၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၅၀.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၁၀၀.၀၀၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၄၄၁၂.၉၈၂ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၅၁.၈၈၉ |

| | (ကျပ်သန်းပေါင်း) |
|---|---|
| **(၉) ဘူးသီးတောင်မြို့နယ်** | **၈၂၂.၁၅၂** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၉၅.၃၈၀ |
| ၂။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၂၅၆.၆၁၀ |
| ၃။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၄၅.၆၀၀ |
| ၄။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၂၄.၅၆၂ |
| **(၁၀) မောင်တောမြို့နယ်** | **၂၅၈၉.၅၂၂** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၆၃.၀၀၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၇၀.၀၀၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၂၂.၅၀၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၂၂၁၄.၀၀၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၀.၀၂၂ |
| **(၁၁) ရမ်းဗြဲမြို့နယ်** | **၃၀၅၀.၇၂၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၁၆.၃၈၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၂၇၃.၁၂၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၉၂.၃၂၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၂၃၅၄.၉၀၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၄.၀၀၀ |
| **(၁၂) မာန်အောင်မြို့နယ်** | **၆၈၃.၇၃၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၈၅.၀၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၅၀.၀၀၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၀.၂၃၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၄၂၇.၅၀၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၁.၀၀၀ |
| **(၁၃) ကျောက်ဖြူမြို့နယ်** | **၁၁၄၄.၃၁၃** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၄၉.၆၁၆ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၂၉၂.၀၀၀ |

| | |
|---|---|
| | (ကျပ်သန်းပေါင်း) |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၈၆.၉၂၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၂၂၇.၀၀၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၈၈.၇၇၇ |
| **(၁၄) သံတွဲမြို့နယ်** | **၁၂၈၃.၆၀၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၁၆.၀၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၉၀.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၉၀.၀၀၀ |
| ၄။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၈၃၇.၇၄၀ |
| ၅။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၄၉.၈၆၀ |
| **(၁၅) တောင်ကုတ်မြို့နယ်** | **၃၇၁၃.၀၉၈** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၃၃.၀၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၇၀.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၂၉၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၃၅၅.၂၆၀ |
| ၅။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၂၅၀၀.၀၀၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၆၄.၈၃၈ |
| **(၁၆) ဂွမြို့နယ်** | **၆၉၃.၈၃၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၃၇.၉၂၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၁၁၆.၀၀၀ |
| ၃။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၂၁၉.၄၅၀ |
| ၄။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၀.၄၆၀ |
| **(၁၇) ပေါက်တောမြို့နယ်** | **၁၅၈၃.၆၀၅** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၂၄၅.၅၀၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၂၀၈.၀၀၀ |
| ၃။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများ | ၁၀၉၂.၉၅၀ |
| ၄။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၃၇.၁၅၅ |

## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ပြည်နယ်လမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

- သာမန်အသုံးစရိတ် - ကျပ် ၆၈၈၆.၄၀၁ သန်း
- ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၁၃၄၀.၉၄၂ သန်း
- စုစုပေါင်းအသုံးစရိတ် - ကျပ် ၂၈၂၂၇.၃၄၃ သန်း











## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

- ❖ သာမန်အသုံးစရိတ် - ကျပ် ၁၃၃၂.၁၆၂ သန်း
- ❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၁၁၅၂.၄၃၈ သန်း
- ❖ စုစုပေါင်းအသုံးစရိတ် - ကျပ် ၂၄၈၄.၆၀၀ သန်း







## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ လျှပ်စစ်မီး ရရှိရေးအတွက် ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

- ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၆၉၆.၂၉၀ သန်း







## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ ရေငန်တားတာတမံ၊ ရေထိန်းတံခါး တည်ဆောက်မှုအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၃၅၆.၄၈၃ သန်း








## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၉၆.၅၀၀ သန်း









## ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ) ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၆၃၁၀.၀၀၀ သန်း








**ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

- ညွှန်ကြားရေးမှူး ၀၄၃-၂၄၃၁၆
- ဒုတိယညွှန်ကြားရေးမှူး ၀၄၃-၂၂၀၄၁
- လက်ထောက်ညွှန်ကြားရေးမှူး ၀၄၃-၂၂၀၇၂
- ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန (ဘတ်ဂျက်ဌာနခွဲ) ၀၄၃-၂၄၃၁၇

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ e-mail သို့မဟုတ် ရုံးလိပ်စာသို့ ပေးပို့နိုင်ပါသည်။

❖ e mail: rakhinebudget02@gmail.com

❖ ရုံးလိပ်စာ - ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ လမ်းမကြီးလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်